တရားသည် လူတိုင်းနှင့်တော့ မတည့်နိုင်ပါ။
သဒ္ဓါတရား နည်းပါးသူတွေအတွက်တော့ မိုးနှင့်မြေလောက် ဝေးနေဦးမှာပါ။
အားမလျှော့နဲ့ယောဂီ
အားလုံးအတူတူမို့ ဒီလောက်တော့လုပ်ရမယ်။
တခါတလေစိတ်လွတ်ကိုယ်လွတ်နေချင်တာလဲရှိမယ်။
အဲ့လိုနေခဲ့တဲ့အချိန်တွေဟာ အဓိပ္ပါယ်မဲ့တာမို့ မျှောမလိုက်ဖို့မှာချင်တယ်။
အဆုံးသတ်မှာနောင်တမရဖို့ အားမလျှော့နဲ့ယောဂီ

ဆရာတော်ဦးကုသလ
ဝိမုတ္တိဉာဏဓမ္မတရားရိပ်သာ

# ဝိမုတ္တိ မှတ်စု အကျဉ်း

- နားလည်နိုင်ပုံ အဆင့်ဆင့်ကွာခြားမှုအပေါ်မူတည်ပြီး အမျိုးမျိုးဟောရပေမယ့် သိစရာနဲ့သိတာကလွဲလို့ ကျန်တာပြောစရာမရှိပါဘူး
- ကိုယ်လျှောက်တဲ့လမ်းတလျှောက် ကြုံရမယ့်အခက်အခဲတွေကိုရှင်းပြပေမယ့် သိစရာနဲ့သိတာပဲရှိတာပါ
- သိစရာတွေက အာရုံပါ
- သိနေတာက စိတ်ပါ

- တရားစတင်အားထုတ်တဲ့အချိန်မှာ-
- (၁)ရုပ်ဇာတိနားလည်ရမယ်
- ရုပ်ဇာတိကိုနားမလည်ရင် နာမ်ပိုင်းကိုရှုရတာခက်သွားတတ်တယ်
- (၂)အာရုံကိုနားလည်ရမယ်
- အာရုံဆိုတဲ့ အသိခံ အရှုခံတွေကို အဆင့်ဆင့်မြင်ရတယ်
- ပါရမီကြီးတဲ့သူတွေကတော့ အားလုံးအပေါ်မှာ
  တထိုင်တည်းတကြိမ်တည်းဟောရင်းနဲ့အဆင့်ဆင့်လွတ်မြောက်ပြီး ရသွားနိုင်ပေမယ့်
- အများအားဖြင့်တော့ အဆင့်ဆင့်ဖြတ်သန်းကြရတယ် အချိန်ယူရတယ်
  အကြိမ်ကြိမ်ဆန်းစစ်ရတယ်
- အဆင့်ဆင့်ဆိုတာ စိတ်ပြောင်းလဲပုံတွေကိုပြောတာ

- ဥပမာ-သောတပန်တွေမြင်တဲ့ အရှုခံ(အာရုံ)
- အကြောင်းအကျိုး(သစ္စာ၄ပါး)
- အပယ်လွတ်သွားတဲ့စိတ်အခြေအနေ အမြင်မှန်ပြီး မြတ်စွာဘုရားကျေးဇူးမြင်ပုံ
- အသေးစိတ်ရေးရင်တော့အများကြီးပေါ့

- တဆင့်တဆင့်မြင့်လာတာနဲ့အမျှမြင်ပုံချင်းတွေမတူကြဘူး
- အရှုခံတွေလဲမတူကြဘူး
- နည်းနည်းအဆင့်မြင့်လာရင် သာယာစရာတွေခေါင်းပါးလာမယ်
- သုခကိုဒုက္ခမြင်လာမယ် သာယာစရာလို့ထင်ခဲ့တာမှန်သမျှ တကယ်မဟုတ်မှန်းသိလာမယ်
- ဒါပေမယ့် မသာယာချင်ပေမယ့်သာယာနေတုန်းအဆင့်ပါပဲ

- သာယာတာကိုမြင်ဖို့ကလဲထင်သလောက်တော့မလွယ်ဘူး အခက်ကြီးလဲမဟုတ်ဘူး

- သာယာတာကိုမမြင်သေးပဲ သာယာတာကိုအရှုခံလုပ်ဖို့ဆိုတာ သဘာဝတော့သိပ်မကျဘူးပေါ့
- ဒါကြောင့်မြင်အောင်အရင်လုပ်ရတယ် မြင်ပြီဆိုရင်တော့ ကိုယ်ရှုနေတဲ့အတိုင်း ဆင်ချင်လို့ရပါပြီ

- ဒအခြေအနေမှာတော့ ရှေ့စိတ်ကသာယာတာကိုမြင်ပြီးမှ သာယာပြီးမှ
- အနိစ္စရှုတဲ့သူကအနိစ္စ
- အာရုံရှုတဲ့သူကအာရုံပေါ့
- ဒီနေရာမှာ မရှိမှန်းသိဖို့ပဲဆန်းစစ်နေတာဆိုတော့ မမြဲတာကိုမရှုတော့ဘူး
- အမြဲမရှိတာကိုပဲနားလည်အောင်ဆက်ပြီးဆန်းစစ်ရမယ်
- ဆန်းစစ်နေတဲ့အချိန်ကတော့ အရှိထားနားလည်အောင်လုပ်ရပေမယ့် မရှိမှန်းသိပြီး
  သိသလိုလွတ်မြောက်သွားရင် လောကမှာသာယာစရာဆိုတာ
  အထင်ရိပ်သက်သက်ပါလားလို့ဆုံးဖြတ်ချက်ချနိုင်သွားပြီပေါ့
- ဒီအနေအထားကတော့ သုခဆိုတာ ဒုက္ခပဲလို့မြင်ပြီး သုခလို့ထင်ခဲ့သမျှ
  ဒုက္ခတွေချည်းပဲလို့မြင်သွားတဲ့အဆင့် ခေါင်းပါးတဲ့အဆင့်
- (သုခဆိုတာအထင်ရိပ်သက်သက်ပဲလို့နားလည်သွားတဲ့အဆင့် သုခပေါ်မှာ
  ဒုက္ခအမြင်ပြောင်းသွားပုံပဲ)
- ဒါကခေါင်းပါးရုံရှိသေးတာ ကာမဂုဏ်အာရုံတွေကိုမပယ်နိုင်သေးပါဘူး အနာဂမ်မှပယ်နိုင်တာ
  အနာဂမ်တောင် နတဲ့အခြေအနေမှာမရသေးဘူး
-

## ဒကာတစ်ယောက်ကမေးတယ်.........

- တပည့်တော်ရုပ်ဇာတိလဲနားလည်ပါတယ်။
- ဖြစ်ပီးပျက်ပီးအာရုံအရိပ် အထင်ရိပ်ဆိုတာလဲသိပါတယ်ဘုရား။
- ဒါပေမယ့် ဘာလိုနေလဲမသိဘူးဘုရားလို့လျှောက်ပါတယ်။
- ဦးဇင်းကတော့ လိုရင်းလေးရှင်းပြလိုက်ပါတယ်။
- ရုပ်ဇာတိကိုနားလည်တယ်ဆိုရင် မြင်တဲ့အချိန်မှာ အပြင်ကိုလိုက်သွားလား စိတ်ကိုကြည့်လားလို့မေးတော့
- သူ့ကိုပဲ ကြည့်မိပါတယ်လို့ပြန်ဖြေတယ်။
- ကိလေသာကသူ့ဆီမှာလား စိတ်မှာဖြစ်တာလားမေးတော့ စိတ်မှာပါဘုရားတဲ့။
- ပြောတာတော့စိတ်မှာပေါ့ ။
- တကယ်ကြည့်ဖြစ်နေတာက သူ့ကိုမဟုတ်လား
- ဟုတ်ပါတယ်ဘုရား။
- ကိလေသာတို့ လောကဓံတို့ ချစ်ခြင်းမုန်းခြင်း မကျေနပ်ခြင်းကျေနပ်ခြင်း စသဖြင့်အားလုံးဟာစိတ်မှာဖြစ်တယ်လဲပြောသေးတယ်။
- အပြင်တွေလျှောက်လိုက်နေတယ်မဟုတ်လား
- ဟုတ်ပါတယ်ဘုရား။
- တရားနာလို့သိတာနဲ့လက်တွေ့နဲ့ထပ်တူမကျသေးတာ။
- အောက်ခြေမှာထပ်တူကျနေပေမယ့်
- တဖြည်းဖြည်းမြင့်လာတဲ့နေရာတွေမှာထပ်တူမကျသေးတာပါ။
- စိတ်ခါတ်မကျပါနဲ့ တရားတက်လာတာပါ။
- ယောဂီတွေဟာ တရားရှေ့မဆက်တာကို တော်တော်ဟုတ်နေပီလဲထင်တတ်တယ်။
- တရားတက်လာတာကို တရားတွေပြန်ကျသွားသလားလို့လဲထင်ကြတယ်။
- ကိလေသာကိုပယ်ချင်ရင် ကိလေသာဖြစ်တဲ့နေရာကိုအရင်ရောက်အောင်သွားရမယ် ။
- စိတ်မှာဖြစ်တာကို စိတ်ကိုမကြည့်ပဲအပြင်လျှောက်လိုက်နေတာဆိုတော့ အချိန်ကြာတာပေါ့။
- ရုပ်ဇာတိနာမ်ဇာတိကို နားလည်တယ်မထင်နဲ့။
- ပြည်ဆရာတော်ကြီးကအရမ်းလိုအပ်မှဟောတဲ့တရား။
- ကိုယ်နားလည်တာအပေါ်ယံ သညာသိဖြစ်နေတာကများတယ်။
- သေချာနားသင့်တယ် ဉာဏ်ရင့်လေပိုသဘောပေါက်လေပဲ။
- ဦးဇင်းလဲအရင်ကသဘောမပေါက်ဘူး ။
- တရားပြန်ဟောဖို့စီစစ်တော့မှသဘောပေါက်သွားတာ အတော်လေးနက်တဲ့တရား ခရီးအဆုံးထိပို့ဆောင်ပေးထားတာ ။
- အခုပဲကြည့်လေ...
- စိတ်မှာဖြစ်နေတာသိတယ်လဲပြောသေးတယ်။
  အပြင်ကိုလျှောက်ကြည့်နေတော့လိုရင်းမရောက်ဘူးပေါ့။
- မျက်စိ နား နှာခေါင်း လျှာ ကိုယ်...
- ဒွါရ၅ပါးကို အရင်တည်ကြက်ထားပီး စိတ်မှာဖြစ်လာတဲ့တောကြက်ကိုဖမ်းရမယ်။
- ဒါဆိုဘယ်လိုဖြစ်လာလဲဆိုတော့ စိတ်ကအပြင်မထွက်တော့တဲ့အခြေအနေစရလာပီပေါ့။

- အသံကြားတယ် စိတ်ကိုကြည့်တယ်။
- အနံ့ရတယ် စိတ်ကိုကြည့်တယ်။
- လောကဓံတိုက်တယ် စိတ်ကိုကြည့်တယ် စသဖြင့်ပေါ့။
- စိတ်မှာပဲအရာရာဆိုတာနားလည်လာမယ်။
- ဒီလိုမရောက်သေးပဲ ရောချလို့မရဘူး။
- အဲ့လိုရလာရင် စိတ်မှာမြင်ရတဲ့အရာတွေဟာ ဖြစ်ပီးပျက်ပီးအထင်ရိပ်အထင်စိတ်တွေဆိုတာ ကိုယ်လက်ရှိရှုနေတဲ့ ရှုကွက်တင်လို့ရပီပေါ့။
- ဒါကတဆင့်ချင်းအသေးစိတ်နဲ့ကာမဂုဏ်တွေကိုရုပ်ကိုစွန့်ခွာခြင်းရှုကွက်တွေပဲလေ ။
- စာနဲ့ပြန်ရေးရတော့သေချာမရေးနိုင်ဘူး ။
- စိတ်အပြင်မထွက်တော့ဘူးဆိုရင် နောက်တခါထပ်လာလျှောက်ပေါ့။
- တကယ်တော့ ဒကာကြီးကဟောသမျှ နာသမျှ တရားတွေကိုအကုန်လျှောက်လုပ်နေလို့ပါ ။
- အရင်ကဒကာကြီးနဲ့ကိုက်ညီတဲ့ ကမ္မဋ္ဌာန်းပေးထားပီးပီပဲ ။
- ဒကာကြီးအတွက်အဆင်ပြေနေတာပဲလေ။
- တစ်ခုထဲဇောက်ချမလုပ်ပဲနဲ့လျှောက်လုပ်တော့ရှုပ်ကုန်တာမျိုးလဲဖြစ်တတ်ပါတယ်။
- တပည့်တော်အရင်ကလုပ်ခဲ့တာကိုအခုပြန်ဆင်ခြင်လိုက်တာနဲ့ချက်ခြင်းပြန်လွတ်မြောက်သွားပါ တယ်ဘုရား ။
- တပည့်တော်ဟိုလိုက်ဒီလိုက် လျှောက်လုပ်နေလို့ရှုပ်သွားတာကိုသဘောပေါက်ပါပီ။
- ဒီတခုတည်း ၃လဆက်တိုက် အရင်ဆုံးလုပ်ပါ့မယ်။
- ဒီဒကာရဲ့ကမ္မဋ္ဌာန်းကမခက်ပါဘူး ။
- အာရုံအရိပ် အနှစ်သားမရှိ တွယ်ငြိစရာမရှိတာတွေကို အရင်ကတွယ်ငြိမိနေပါလားသဘောပေါက်သွားပီး
- (တွယ်ငြိမိသမျှအလကားပဲလို့နားလည်သွားတယ်)။
- အခု ဘာလာလာ အလကားပဲဆိုပြီး
- အပြင်တွေကိုလျှောက်မထွက်တော့ပဲ လျှောက်ထွက်ချင်တဲ့စိတ်ကိုမြင်သွားသလို အဲ့နေရာမှာပဲ
- သူ့သဘောပေါက်သလိုဆက်ရှုနေပါတယ်။
- ယောဂီတွေလဲ စိတ်ကိုမကြည့်ပဲအပြင်တွေလျှောက်ကြည့်နေမိသလားဆိုတာ ....

(ကိုယ့်စိတ်ကိုယ်စစ်) ယောဂီ – ၁၁.၁.၂၀၂၃

ဆရာတော် ဦးကုသလ

ဝိမုတ္တိဉာဏစမ္မ တရားရိပ်သာကျောင်း

ZOOM
**ID: 810-7443-4445**
**Passcode: 303030**

LIVE
**ဝိမုတ္တိဉာဏစမ္မ တရားရိပ်သာကျောင်း**

**ဝိမုတ္တိဉာဏစမ္မ တရားရိပ်သာကျောင်း ဖုန်းနံပါတ် ၀၉–၆၇၄–၅၁၅–၆၆၅**